**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၂၂ ရက်မြောက်နေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )**

**[သောကြာနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ဆော့လော်မြို့နယ်အတွင်းရှိ ဂျော်မောအုပ်စု ယက်ယော်ကျေးရွာ၊ ပရဲအုပ်စု ဝဆုတ်ကျေးရွာ၊ ယော်ဂျောအုပ်စု ယော်ဂျောကျေးရွာနှင့် ဂျာရန်အုပ်စု ဖောင်းဂျာကျေးရွာတို့တွင် ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး က ဂျော်မော အုပ်စု၊ ယက်ယော်ကျေးရွာနှင့် ယော်ဂျောအုပ်စု၊ ယော်ဂျောကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိရေးအတွက် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေး စီမံကိန်းနှင့်ညှိနှိုင်း၍ ဥက္ကဋ္ဌ၊ စီမံကိန်း နှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)များသို့လည်းကောင်း ပေးပို့ပြီး သဘောထား မှတ်ချက်များ တောင်းခံ၍ ပြန်ကြားချက်(ထောက်ခံချက်)ရရှိလျှင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဝဆုတ် ကျေးရွာနှင့်ဖောင်းဂျာကျေးရွာတို့အား ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ လွှမ်းခြုံပေးနိုင်ပါသောကြောင့် ကျေးလက်ကျန်းမာရေးဌာနခွဲ လတ်တလောတွင် ဖွင့်လှစ်ရန် မလိုအပ်သေးပါကြောင်း ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ မှတ်ချက်ပြုထားသောကြောင့် အစီအစဉ် မရှိသေးကြောင်း ဖြေကြားပါသည်။

( ခ ) ဦးချစ်ထွေး၊မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး က မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြေပြင်သာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်သင့်ပါကြောင်း ထောက်ခံတင်ပြထားပါသဖြင့် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်ညှိနှိုင်း၍ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွံ့ဖြိုးမှုစိစစ်ရေးအဖွဲ့သို့လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)များသို့လည်းကောင်း ပေးပို့ပြီး သဘောထားမှတ်ချက်များ တောင်းခံ၍ ပြန်ကြားချက် (ထောက်ခံချက်)ရရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက် ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

( ဂ ) ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကမ်းရိုးတန်းဒေသ ရခိုင်ပြည်နယ်အတွက် ဆေးကုရေယာဉ် "Swimming Doctor" အနည်းဆုံး(၁)စီးခန့် (သို့မဟုတ်)လုံလောက်စွာချထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ထားရှိပြီးဖြစ်သော ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၌ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်း၍ အရည်အသွေး ပြည့်မီစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ရွေ့လျားဆေးကုသမှုများ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကအဖွဲ့အစည်းများမှ Swimming Doctors သဘော်အစီအစဉ်ကို ဆောင်ရွက် မည်ဆိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ စိစစ် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

(ဃ) ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **လျှပ်စစ်မီးကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရသော ရေးမြို့နယ်အတွင်းရှိ ပြည်သူများကို မဟာဓာတ်အားလိုင်း မရောက်ရှိသေးမီစပ်ကြား ကုန်ကျစရိတ် အထိုက်အလျောက် သက်သာမှုရှိစေရန် နိုင်ငံတော်မှ မည်ကဲ့သို့ ယာယီထောက်ပံ့ကူညီမှုပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စီစဉ်ဆောင်ရွက်လျက်ရှိသော မဟာဓာတ်အားလိုင်း စီမံကိန်းသည် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်သို့ ရောက်ရှိမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင် က ရေးမြို့နယ်အတွင်း ကျေးရွာများအတွက် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှစက်တင်ဘာလအထိ)တွင် ရန်ပုံငွေ ကျပ် ၁၂၇၄.၁ သန်း ကို ထည့်သွင်းလျာထားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရန် (၂)နှစ်ခန့် ကြာမြင့်မည်ဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အား စတင်ပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် (၅)နှစ်စီမံကိန်းတွင် ထည့်သွင်း လျာထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံများမှ တစ်ဆင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အား ဖြန့်ဖြူးမည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းအား မွန်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် လျာထား ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ဖြေကြားပါသည်။

( င ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ စက်သား - အလယ်ချောင်း - ဇီးပင်ကြီး - နတ်ချောင်း ကျေးရွာချင်းဆက်လမ်းကို ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အတွင်းရှိ စက်သား - အလယ်ချောင်း- ဇီးပင်ကြီး - နတ်ချောင်းကျေးရွာချင်းဆက်လမ်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး Gazette အဖြစ် အတည်ပြုသိမ်းသွင်းပြီးပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**အစီရင်ခံစာဖတ်ကြားခြင်းနှင့် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

၃။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) (ဥပဒေကြမ်းကော်မတီဝင်) က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပါသည်။

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျစေဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

၅။ အစည်းအဝေးကို ၁၁း၀၀ နာရီ အချိန်တွင် ရပ်နားပြီး ၂၃ ရက်မြောက်နေ့ အစည်းအဝေးကို ၂၇-၂-၂၀၁၈ ရက်နေ့(အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**